# ဂျပန်စကားသင်ယူချင်သူများဆီသို့

အဲဟိမယ်ခရိုင်တွင် နိုင်ငံခြားသားအများစု နေထိုင်လျက်ရှိပါတယ်။အဲဟိမယ်ခရိုင် နိုင်ငံတကာ ပေါင်းသင်းဆက်သွယ်ရေး အဖွဲ့အစည်းမှ နိုင်ငံခြားသားများအတွက် ဂျပန်ဘာသာစကား လေ့လာ သင်ယူမှုတွင် အထောက်အကူဖြစ်စေရန် အင်တာနက်ကို အသုံးပြုကာ ဂျပန်ဘာသာစကား သင်ကြားပို့ချမှု အတန်းကို ဖွင့်လှစ်ရန် စီစဉ်နေပါသည်။

ဂျပန်ဘာသာကို သင်ကိုယ်တိုင် သင်ယူရန် ခက်ခဲပါသည်။ ၎င်းကို အသုံးပြု၍ ပြောဆိုခွင့် မရပါက တိုးတက်မည်မဟုတ်ပါ။ ဂျပန်အတန်းများတွင် ဆရာနှင့်သာမက အခြားနိုင်ငံခြားသားများနှင့် ပြည်တွင်း ဂျပန်လူမျိုးများနှင့်လည်း စကားပြောနိုင်ပါသည်။

အတန်းကို သေချာတက်ရောက်ခဲ့သောသူကို အဖွဲ့အစည်းမှ အတန်းအောင်မြင်စွာပြီးဆုံးကြောင်း ထောက်ခံစာ ကိုပေးအပ်ပါမည်။

အင်တာနက်ကို အသုံးပြုကာ အတူတကွလေ့လာပြီး ဂျပန်စကားဖြင့် ဆက်သွယ်ကြရအောင်…

**!　!　သတိပြုရန်　!　!**

နံပါတ် (၁) မှ နံပါတ် (၅) ကို သေချာ ဖတ်ပေးပါ။

အထူးသဖြင့် နံပါတ်(၃) ကို သေချာဖတ်ပေးပါ။

အချက်အလက်များနဲ့ ကိုက်ညီသောသူသည် အတန်းကိုတက်ရောက်နိုင်ပါသည်။

○အချက်အလက်များဖြင့် ကိုက်ညီသောသူ → လျှောက်လွှာတင်ပေးပါ။

အဖွဲ့အစည်းသည် ကုမ္ပဏီမှတဆင့် သင်တန်းနဲ့ပတ်သတ်သော အကြောင်းအရာများကို ရှင်းပြပေးပါမည်။ လူကိုယ်တိုင်တွေ့ဆုံပြီးလည်း ရှင်းပြပေးပါသည်။(ဘယ်လိုမျိုး ဂျပန်စာကို လေ့လာနေသည်ကို မေးမြန်းပါမည်။)

×အချက်အလက်များဖြင့် မကိုက်ညီသောသူ → စိတ်မကောင်းပေမဲ့၊ သင်တန်းကို တက်ရောက်ခွင့်မရှိပါ။

## (၁)ဂျပန်စာသင်တန်း အချိန်ကာလအပိုင်းအခြား

(၁) အချိန်ကာလအပိုင်းအခြား

**ဩဂုတ် ၂၇ မှ ၂၀၂၃ ဒီဇင်ဘာ ၁၇။**

4 **လအတွင်း ဂျပန်သင်ခန်းစာ** 12 **ခုရှိပါတယ်။**

**အပြန်အလှန်ဆွေးနွေးမှုများနှင့် သင်ရိုးညွှန်းတမ်း လှုပ်ရှားမှု ၄ ခုရှိသည်။**

(၂) ဂျပန်စာသင်တန်းရက် (အချိန်ဇယား)

သင်တန်းရက်တိုင်းမှာ တနင်္ဂနွေနေ့ဖြစ်ပါသည်။

| လ | ရက်စွဲ | အသိပေးစာ |
|---|---|---|
| 8月 | 27日 | ဦးတည်ချက် |
| 9月 | 3日、10日、17日、24日 | |
| 10月 | 1日、8日、15日、22日、29日 | 29日：အတန်းအကြောင်းအင်တာဗျူး (တစ်ကြိမ် ချိန်းတယ်။)※ |
| 11月 | 5日、12日、19日、26日 | (တစ်ကြိမ် ချိန်းတယ်။)※ |
| 12月 | 3日、10日、17日 | 17日：အွန်လိုင်း နှီးနှောဖလှယ်ပွဲ |

※အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလတွင် နှစ်ကြိမ် သင်ရိုးညွှန်းတမ်း ပြင်ပလှုပ်ရှားမှုများ (သတ်မှတ်မည့်အချိန်ဇယား)

အတန်းသားများနှင့် ဒေသခံဂျပန်လူမျိုးများ တိုက်ရိုက်ဆက်သွယ်နိုင်မည့် လှုပ်ရှားမှုကို စီစဉ်လျက်ရှိပါသည်။

(၃) အချိန်

အတန်းက ညဘက်။ ဘယ်တော့စမယ်ဆိုတာကိုတော့ ရက်အတိအကျ မသတ်မှတ်ထားသေးပါဘူး။ အတန်းချိန်က မိနစ် 70 ပါ။ နှီးနှောဖလှယ်ပွဲအား တနင်္ဂနွေ နေ့လယ်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။


## (၂) အတန်းသင်ကြားမှု ပုံစံ

ZOOM application ကို အသုံးပြု၍သင်ကြားပါမည်။

ZOOM သည် အင်တာနက်ကိုအသုံးပြုကာ ရုပ်မြင် အသံကြား ပြောဆိုနိုင်သော application ဖြစ်ပါသည်။ တခြားနေရာတွင် နေထိုင်နေသော နိုင်ငံခြားသားလည်း အတူတကွ လေ့လာသင်ကြား ပါမည်။ ဒေသခံဂျပန်လူမျိုးလည်း ဂျပန်စကားပြောတွင် ပါဝင်ပါမည်။

※ဂျပန်စာသင်ကြားမှု အထောက်အကူအတွက် အတန်းစာသင်ကြားမှုကို မှတ်တမ်းတင်ထားပါမည်။`

(ကိုးကား– အခုအချိန်ထိ သင်ကြားခဲ့သော ဂျပန်စာ သင်တန်းများ)






**(၃) ပါဝင်သင်ယူနိုင်သော လူများ:**

**အောက်ပါ အချက် (၄) ချက်နှင့်** ကိုက်ညီသော သူသည် သင်တန်းတွင် ပါဝင်သင်ယူနိုင်ပါသည်။

(၁) ဖုန်း၊ကွန်ပြူတာ ရှိသောသူ

(၂) Wifi အသုံးပြုနိုင်သောသူ

※အင်တာနက် အမြန်နှုန်းသည် 1.5mbps အထက်ဆိုလည်း အဆင်ပြေပါသည်။

မိမိရဲ့အင်တာနက် အမြန်နှုန်းကို ဖော်ပြပါ link မှတဆင့် စစ်ဆေးနိုင်ပါသည်။ https://fast.com/ja/

(၃) Facebook အသုံးပြုသောသူ

(၄) ဂျပန်သင်ခန်းစာ 8 ကြိမ် (70% နှင့်အထက်) တက်ရောက်နိုင်သူများ

**(၄) သင်တန်းကြေးနှင့် ပတ်သက်၍**

(၁) သင်တန်းကြေးမှာ အလကားဖြစ်ပါသည်။

(၂) ဖုန်း နှင့် ကွန်ပြူတာသုံး၍ ကုန်ကျသော လျှပ်စစ်မီတာခမှာ မိမိဘာသာပေးချေရမည်။

※ကုမ္ပဏီဘက်ကို လျှပ်စစ်မီတာကုန်ကျစရိတ်နဲ့ ပတ်သက်၍ ကုမ္ပဏီမှ အကုန်ကျခံ/မခံ မေးကြည့်ပါ။

**(၅)အတန်းမတက်ရောက်ခင် ပြုလုပ်ရမည့် အရာနှင့် အတန်းတက်ရောက်ပြီး ပြုလုပ်ရမည့် အရာ (အစီအစဉ်)**

Zoom application ကိုအသုံးပြုမည်။

ZOOM Application သည် တချိန်တည်းမှာ အပြန်အလှန် ပြောဆိုဆက်သွယ်နိုင်သည်။

ဖုန်း နှင့် ကွန်ပြူတာ အသုံးပြုသောသူသည် အတန်းမတက်ရောက်ခင်မှာ zoom ကို မိမိအသုံးပြုမည့် ဖုန်း/ကွန်ပြူတာထဲသို့ ထည့်သွင်းထားပါ။

(၁) အတန်းမတက်ရောက်ခင် : ဩဂုတ် ၂၇ ရက် (တနင်္ဂနွေနေ့) ည (အချိန်ဇယား)

သင်တန်းသူ/သားများရဲ့ အင်တာနက်အခြေအနေကို စစ်ဆေးအတည်ပြုပါမည်။ အတန်း တက်ရောက်မည့်သူကို စုစည်းပါမည်။

(၂) သင်တန်းကာလအတွင်း :အောက်တိုဘာလ ၂၉ ရက် (တနင်္ဂနွေနေ့) ည (အချိန်ဇယား)

အတန်းအကြောင်းအင်တာဗျူး။ အခြားအတန်းရှိလူများနှင့် စကားပြောပါ။

(၃) အတန်းတက်ရောက်ပြီး : ဒီဇင်ဘာ ၁၇ ရက် (တနင်္ဂနွေ) ည (အချိန်ဇယား)

သင်တန်းသားများနှင့် ဆရာ၊ဆရာမများ လွတ်လွတ်လပ်လပ် ဆွေးနွေးကြမည်ဖြစ်ပါသည်။ သူတို့ နှစ်သက်တဲ့ အရာတွေ နဲ့ အခု ကစလို့ ဘာတွေ လုပ်ချင်လဲ ဆိုတာကို ဆွေးနွေး ကြမယ် ။

နံပါတ် (၁) မှ (၅) ကို ဖတ်ပြီးပြီလား။

သင်တန်းတက်ရောက်ချင်သောသူသည် QR code ကို scan ဖတ်ပြီး လျှောက်လွှာတင်ပါ။

ဇူလိုင်လ 31 ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားပါ။

https://docs.google.com/forms/d/e/1FAIpQLSfiPUk6F0uPuWpFahXhfVyNfd0LlajTcctuEYSZz2hv6N8csA/viewform?fbclid=IwAR1xMJICjSdlxdHjknuE82ITmr6FyjjZK0Y4ZcuYtji